

# မေ့လို့မရအောင်မုန်းနေမယ်

# (၁)

"ဇေယျာ၊မင်း မမဝင့်လက်ကို လွှတ်လိုက်နော်"

"သိပ်ချစ်လွန်းလို့ လက်ကလေး ကိုင်ထားတာပါဗျ ပဲ့ပါမ သွားပါဘူး "

ဇေယျာရတနာသည် ဧည့်လက်ခံ ကောင်တာရှေ့ရှိခုံမြင့်မြင့်ဝိုင်းဝိုင်းလေးတွင် ထိုင်နေရာမှ ဝင့်ဝါဝင်း၏ လက်ကလေးကို ဆတ်ခနဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏ ။

ဝင့်ဝါဝင်း၏ တည်ကြည် လှပလွန်းနေသော မျက်နှာဝင်းဝင်းကလေးသည် ဇေယျာရတနာ၏ အပြုအမူကြောင့် မှု န်သွား၏ ။

ဝင်းကြည်နေသော မျက်လုံး ရွဲရွဲကလေးများ ထဲတွင် လည်း ဒေါသရိပ်တွေ တိမ်ခိုးဆင်၍ လာ၏ ။

ဝင့်ဝါဝင်းသည် နှုတ်ခမ်းလှလှကလေး၏ ထောင့်စွန်းကို ဖြူဝင်းနေသော သွားကလေးဖြင့် ကိုက်လိုက်ပြီး သူ့ပတ်ဝင်းကျင်ကို မျက်လုံးကလေးများ ဝေ့ခနဲလည်အောင် ကြည့်လိုက်သည်။

ဧည့်လက်ခံ ရုံးထဲတွင် လူကရှင်းနေ၏ ။

တော် ပေသေးသည်။

အပြင်လူ မဆိုထားနှင့် ။ လှိုင်း၏ လုပ်ဖော်ကိုင်ဘက် ဦးပါကြီးရှိနေလျှင်တောင် ဒီကောင်ငယ်ကလေး၏ အပြုအမူကြောင့် ဝင့်ဝါဝင်း အနေရခက်ပေဦးမည် ။

သည်အတိုင်းဆက်နေ၍ မ ဖြစ်။

အချိန်မရွေး လှိုင်း သို့တည်းခိုရန် ဧည့်သည်များ ၊ သို့မဟုတ် တည်းခိုလျက်ရှိနေသော ဧည့်သည်များ ဝင်လာနိုင်သည်။

သည်ကောင်လေး၏ ဇွဲကို ဝင့်ဝါဝင်းသိသည်။

ညှာနေ၍ မ ဖြစ်တော့.......။

သူ့ကိုညှာလျှင် သူ့ထက်ဆိုးသော ထိုထိုသော ယောကျ်ားသားတို့၏ အန္တရာယ်သည် ဝင့်ဝါဝင်းအပေါ်တွင် ကျရောက်လာနိုင်၏ ။

ဒါကိုတော့အ ဖြစ်မခံနိုင်....။

အသက်နှင့် လဲ၍ ကာကွယ်သင့်ရင် ကာကွယ်ရမည် ။

"ဇေယျာ နောက်ဆုံး ပြောမယ်နော်၊ မင်း မမဝင့်လက်ကိုလွှတ်"

ဝင့်ဝါဝင်း၏ အသံ မာဆတ်ဆတ် ဖြစ်လာချေပြီ။

"မလွှတ်ဘူးဗျာ"

ကောင်ကလေးက တစ်ဆင့်ကဲတက်ကာ ဝင်းမွတ်နေသော ဝင့်ဝါဝင်း၏ လက်ခုံကလေးကို ရှတ်တရက် နမ်းလိုက်သည်။

"အို

"အား"

ဝင့်ဝါဝင်းသည် လန့်ဖျပ်၍ ရုန်းရင်း တွန်းလိုက်သဖြင့် ဇေယျာရတနာရော ကုလားထိုင်ပါ နောက်သို့ လန်ကျသွားသည်။

ဇေယျာရတနာများ တစ်ခုခု ဖြစ်သွားလေပြီလားဟု စိုးစွပ်ဝိုင်းလည်နေသော မျက်လုံးများ ဖြင့် ဝင့်ဝါဝင်းသည် ရှေ့သို့ ကိုယ်ကိုကိုင်းကာ ကြည့်မိလိုက်သည်။

ဇေယျာသည် ကြမ်းပြင်ပေါ်တွင် လက်နောက်ပြန်ထောက်ကာ နာကျည်းဟန်ဖြင့် ဝင့်ဝါဝင်းကို ကြည့်နေသည်။

"ဇေယျာမင်းသွားတော့ "

"မမဝင့်၊ တော် တော် ရက်စက်နိုင်တာပဲနော်၊ ရက်စက်ပါ မမဝင့် ရက်စက်ပါ၊ ဒီကောင် ဇေယျာဆိုတဲ့လူ့ငနွားလေး ကတော့ မမဝင့် ဘယ်လောက်ရက်စက်ရက်စက်

မမဝင့်အနားမှာ၊ ဆုံမှာ လည်တဲ့ နွားလိုပဲ တဝဲလည်လည် ဖြစ်နေမှာ ပဲသိလား”

ဝင့်ဝါဝင်းသည် ဆွေးမြေ့နာကျည်းဟန်ဖြင့် ပြောနေသော ဇေယျာရတနာကိုကြည့်ကာ ရင်ထဲတွင် တင်းကျပ်နစ်မွန်းလာ၏ ။

ဇေယျာရတနာလည်း လဲကျရာမှမထ။

သူ့ကို သနားမိ၍ ထူပေးလိုက် လျှင်လည်း သည်ကောင်ကလေးသည် တစ်ဆင့်ကဲတက်လာတော့မည် ။

ဖွဲနပဲကြီးသော ၊ ခေါင်းမာသော ဇေယျာရတနာ၏ အကြောင်းကို ဝင့်ဝါဝင်း ကောင်းစွာ သိသည်။

နောက်ကျနေအောင်သိသည်။

“ဇေယျာထတော့လေ လူတွေ လာလိမ့်မယ်”

“မထဘူးဗျာ၊ ဘယ်သူလာလာ ဒီအတိုင်းပဲနေမယ်”

ဝင့်ဝါဝင်း ငိုချင်လာသည်။

ဒီကောင်လေးရှေ့ မျက်ရည်ကျရမည် ကိုလည်း ကြောက်လှသည်။ အကြံအိုက်နေစဉ် လှိုင်း ၏ လုပ်ဖော်ကိုင်ဘက် ဦးပါကြီး ဧည့်လက်ခံရုံးထဲသို့ ဝင်လာ၏ ။

ဝင့်ဝါဝင်းသည် အခန်းထဲမှ လှစ်ခနဲထွက်ကာ၊ သူ၏ အိပ်ခန်းရှိရာ အပေါ်ထပ်ကြီးဆီသို့ ပြေးတက်ခဲ့တော့သည်။

လှေကားထစ်များ ပေါ်သို့ မနားတမ်း တက်ပြေးလာခဲ့မိသဖြင့် အပေါ်ရောက်တော့ ဝင့်ဝါဝင်း၏ ရင်သည် တလှိုက်လှိုက်မော၍ နေ၏ ။

ရင်ကိုလက်ဖြင့် ဖိရင်း ဝင့်ဝါဝင်းသည် မျက်လုံးများ ကို စုံမှိတ်ကာ အိပ်ခန်း၏ တံခါးကို မှီနေ၏ ။

“ဟင်…ဝင့်ဝါ”

ဝင့်ဝါဝင်း မျက်လုံးများ ကို ဖျတ်ခနဲ့ ဖွင့်ကြည့်လိုက်သည်။

သူ့ကို စူးစမ်းသော မျက်လုံး အစုံဖြင့် ကြည့်နေသော အန်တီ ဒေါ်ခင်လှိုင်မြင့်ကို တွေ့လိုက်ရ၏ ။

ဝင့်ဝါဝင်းလည်း ပင့်သက် ရှိုက်လိုက်ပြီး၊ အနီးဆုံး ထိုင် ခုံတစ်ခုတွင် ဘုန်းခနဲ ထိုင်ချပစ်လိုက်သည်။

"ဘယ်ကောင်က ဘာပြောလိုက်ပြန်ပြီလဲ ဝင့်ဝါ"

"အန်တီလှိုင်းရဲ့ ဇေယျာဆိုတဲ့ကောင်နာလေးပေါ့ဗေ

ဝင့်ဝါဝင်းသည် သုံမှု န်ထူထန်နေသော မျက်နှာကလေးကို တစ်ဘက်သို့လွှဲထားနေ၏ ။

"ခက်လိုက်တာ ဝင့်ဝါရယ်"

ဒေါ်ခင်လှိုင်းမြင့်သည် ဝင့်ဝါဝင့်၏ ရှေ့တွင် ဝင်ထိုင်ရင်း၊ လက်ထဲက စီးကရက်ဘူးထဲမှ စီးကရက် တစ်လိပ်ကို ထုတ်ယူလိုက်သည်။

"ခက်တာဝင့်မဟုတ်ဘူး၊ အန်တီလှိုင်းရဲ့ ဇေယျာသိရဲ့ လားခွေးကလေးအလိုလိုက်လို့ ပါးလျက်နားလျက် ဆိုတာမျိုး ဖြစ်နေပြီ ဝင့်မကြိုက်ဘူး"

ဒေါ်ခင်လှိုင်းမြင့်သည် စိတ်ရှုတ်ထွေးစွာ ဖြင့် လက်ကြားထဲက စီးကရက်ကို နင်းဖွာနေ၏ ။

"ဝင့်ဝါရယ် နည်းနည်း တော့ သည်းညည်းခံပါကွယ်၊ ဇေယျာနဲ့ ပတ်"

"တော် ပြီအန်တီလှိုင်း ၊ သူနဲ့ပတ်သက်ပြီး ၊ လှိုင်း တည်းခိုရိပ်သာမှာ ဧည့်လာများတယ်ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူနဲ့ပတ်သက်ပြီး ဝင့်သိက္ခာကျမယ့် အလုပ်မျုးတော့ မလုပ်နိုင်ဘူး။ အ ဖြစ်မခံနိုင်ဘူး ၊ ခုတောင် ပတ်ဝန်းကျင်က ဘာပြောနေကြပြီလဲ၊ အန်တီလှိုင်းအသိ သူ့တူမချော ဝင့်ဝါဝင်းကိုတန်းပြပြီး ဒေါ်ခင်လှိုင်းမြင့်ကြီးက အကြံအဖန်လုပ်နေတယ်ဆိုတာကိုလေ၊ အို ဒီထက်မကပြောတာတွေ ရှိပါတယ်၊ ဒီစကားတွေ

ကို အနိတီလှိုင်းလဲ ကြားပြီးသားပါ၊ ကိုယ်ကအနေမှန်နေတာပဲ ဝင့်မကြောက်ပါဘူး ၊ ဝင့်ကြောက်တာ ဇေယျာကိုပဲ ၊ ဇေယျာက တစ်ဇွတ်ထိုး တစ်ဇောက်ကန်း ခွဲနပဲကြီးတဲ့ နှကောင်ကလေး ၊ ပြီးတော့၊ သူ့အသိုင်းအဝိုင်းနဲ့ သိပ်အရှိန်အဝါကြီးတဲ့ သူ့မိဘ ဆွေမျိုးတွေ အကြောင်းလဲ အနိတီလှိုင်းအသိပဲ ၊ ဝင့် ကတော့ ဘယ်သူလာကျောတာမှ မြူတစ်မှုန်စာတောင် မခံနိုင်ဘူး သိလား၊ ခုလည်းဝင့်လက်ကို ဒီခွေးကလေးဆွဲထားတယ် သိလား၊ တစ်ယောက် ယောက် ဝင်လာလို့ မြင်သွားရင် ကောင်းမလား၊ ဝင့်ကိုဘာထင်သွားမလဲ ၊ အနည်းဆုံး ဦးပါကြီးတို့ ကိုတက်ထွန်းတို့ မြင်သွားရင်တောင် မကောင်းတဲ့ ကိစ္စ ၊ အို ဝင့်ဒေါသထွက်တယ် ရှက်လည်းရှက်တယ် သိလား၊ နောက်တစ်ခါ ဒါမျိုးလုပ်လာရင်တော့ ဝင့်အဆိုးမဆိုနဲ့ ၊ တစ်ခါတည်းပါးရိုက်လွှတ်လိုက်မယ်”

“အို ဝင့်ဝါ“

ဒေါ်ခင်လှိုင်းမြင့် တွန့်ခနဲ ဖြစ်သွားပြီး ၊ မျက်လုံးများ ပြူး ဝိုင်းသွားသည်။

သူ့တူမအကြောင်း သူကောင်းကောင်းသိပါသည်။ ဝင့်ဝါဝင်းသည် ပြောလျှင်ပြောသည့် သူ့စကားအတိုင်း လုပ်တတ်သော အကျင့်ရှိ၏ ။

ရွှေစင်ရုပ်ကလေးတစ်ရုပ်ကဲ့သို့ လှပလွန်းသော ဝင့်ဝါဝင်းတွင် ဖောင့်ဖယောင်းကဲ့သို့ ပျော့ပျောင်းသော အသည်းနှလုံးမရှိပါ။

သူ့အသည်းက မာထန်သည်။

သူ့မာနက တံခွန်လွှင့်ထူထားသည့်နှယ်.....

ထို့ကြောင့် လည်း ပုရိသယောကျ်ားအပေါင်းတို့သည် ဝင့်ဝါဝင်းအနီးတွင် တစ်ရစ်ဝဲဝဲရှိနေသော် လည်း ၊ ချဉ်းကပ်နိုင်စွမ်းမရှိပဲ ဖြစ်နေကြ၏ ။

သည်ကောင်မလေး သည်လောက် ဒေါသထွက်နေလျှင် စကားဆက်ပြော၍ မ ဖြစ်သော ကြောင့် ၊ ဒေါ်ခင်လှိုင်းမြင့်သည် ထိုင်ရာမှအသာထ၍ ထွက်ခဲ့သည်။

သူသည် အပေါ်ထပ်လှေကားကြီးပေါ်မှ ဖြည်းညှင်းစွာ ဆင်းလာသည်။

လှိုင်းတည်းခိုရိပ်သာရှေ့မှ ဂူးခန် တရကြမ်း မောင်းထွက်သွားသော ကားသံကို ကြားလိုက်ရသည်။

“အို ၊ ဘုရား ၊ ဘုရား”

သူ့ရင်ဝကို လက်ဖြင့် ဖိထားလိုက်သည်။

“ဒီကောင်လေးကြောင့် တော့ ခက်ကုန်တော့မှာ ပဲ....”

တစ်ဇွတ်ထိုး ၊ တစ်ဇောက်ကမ်းကလေးအတွက် ဒေါ်ခင်လှိုင်းမြင့် ပူပင်စိုးရိမ်သွားမိသည်။

ဧည့်ကြိုရုံးမန်းမ အဝင်အဝတွင် ဒေါ်ခင်လှိုင်းမြင့်သည် ဦးပါကြီးကိုတွေ့ရ၏ ။

ဒေါ်ခင်လှိုင်းမြင့်သည် ဦးပါကြီးထံ တစ်ချက်လှမ်းကြည့်ပြီး ဧည့်ကောင်တာရှိ ခုံမြင့်ပေါ်တွင် ဝင်ထိုင်လိုက်သည်။

ဦးပါလည်း အလိုက်သိတတ်စွာ ပင် ထိုအခန်းမှထွက်သွား၏ ။

ဒေါ်ခင်လှိုင်းမြင့်လည်း သူ့လက်ထဲတွင် တိုနေပြီ ဖြစ်သော စီးကရက်ကို ပြာခွက်ထဲ ထိုးချေလိုက်ပြီး နောက်အသစ်တစ်လိပ်ကို မီးညှိလိုက်သည်။

မကောင်းမှန်းသိပါသည်။

သို့ပေမယ့်...... စိတ်ညစ်လာလျှင် ဒေါ်ခင်လှိုင်းမြင့်သည် စီးကရက်ကို ဤသို့ တစ်လိပ်ပြီးတစ်လိပ် သောက်ပစ်တတ်သည်။

ယခုလည်း သူ စိတ်နေပါသည်။

သူ့တူမ ဝင့်ဝါဝင်းနှင့် ဇေယျာရတနာအတွက်.....

***

# (၂)

ဒြံဝင်းကြီးထဲသို့ တရကြမ်းမောင်းဝင်လာပြီး ၊ ဆင်ဝင်အောက်တွင် ဆောင့်ရပ်သွားသော ကားသံကြောင့် ဧည့်ခန်းတွင် စကားထိုင်ပြောနေသော ဟိန်းမိုးသူနှင့် ဒေါ်ရတနာခင်တို့ မျက်ဝန်းမျက်ဆံများ ပြူး သွားကြ၏ ။

"ဟဲ့"

ဒေါ်ခင်ရတနာသည် ရင်ဝကိုလက်ဖြင့် ဖိကာ အိမ်ဝင်းတံခါးမကြီးကို ကြည့်နေစဉ်.... မှန်ယိုနေသော ဆင်တစ်ကောင်ကဲ့သို့ ကမူးရှူး ထိုး အိမ်ပေါ်ထပ်ကြီးသို့ ပြေးတက်သွားသော သား ဖြစ်သူ ဇေယျာရတနာကို တွေ့လိုက်ရသည်။

"ဘုရား.....ဘုရား....မင်းညီ ဘယ်လို ဖြစ်လာပြန်လဲ မသိဘူး.....ဟိန်း"

နေနေ ဒေါ်လေးရတနာ ကျွန်တော် သွားကြည့်လိုက်မယ်

ဟိန်းမိုးသူသည် သွက်လက်သော ခြေလှမ်းကျယ်ကြီးများ ဖြင့် အပေါ်ထပ်သို့ တက်လာပြီး ညီ ဖြစ်သူ၏ အခန်းတံခါးမှ အတွင်းသို့ အခြေအနေကို လှမ်းကြည့်လိုက်သည်။

ဇေယျာရတနာသည် သူ့ကုတင်ပေါ်တွင် ကန့်လန့်ဖြတ်မှော က်နေ၏ ။

လက်ချောင်းများ ကလည်း သူ့ဆံပင်ကို မြဲမြံစွာ ဆုပ်ကိုင်ထားနေကြ၏ ။

ဟိန်းမိုးသူလည်း အခန်းတံခါးကို ပိတ်ခဲ့ပြီး ကုတင်ဆီသို့ ချဉ်းကပ်ခဲ့သည်။

ညီညီဇေယျာ

ဇေယျာရတနာသည် ဆတ်ခနဲ ခေါင်းထောင်ကာ လည်ပြန်ကြည့်လိုက်သည်။

"ကိုကိုဟိန်း"

"ဟုတ်တယ်"

ဇေယျာရတနာသည် လူးလဲထလိုက်ပြီး ကုတင်စွန်းတွင် ခြေတွဲ လောင်းချ၍ ထိုင်လိုက်သည်။

ဟိန်းမိုးသူလည်း သူ့အနီးတွင် ထိုင်ချလိုက်သည်။

"ကိုကိုဟိန်း ဘယ်တုန်းက ရောက်တာလဲ"

"ကြာပြီ။ ညီညီကို တွေ့ချင်လို့ စောင့်နေတာ....ခုညီညီဘယ်ကပြန်လာတာလဲ"

ဇေယျာရတနာသည် တွေ ဝေသွားသော မျက်နှာဖြင့် ကြမ်းပြင်ကို ကြည့်နေသည်။

"ညီညီ ဘာ ဖြစ်တာလဲ ၊ ဘာ ဖြစ်နေတာလဲ၊ ကိုကို ဟိန်းကို ပြောပြနိုင်မလား၊ တို့မှာ ဆိုးအတူ ကောင်းအတူ တိုင်ပင်ဖို့ ဒီညီအစ်ကိုနှစ် ယောက် ပဲ ရှိတာ"

ဟိန်းမိုးသူက ညီ ဖြစ်သူ၏ ပခုံးကိုဖက်ရင်း ပြောလိုက်သည်။

ဇေယျာရတနာသည် ဟိန်းမိုးသူ၏ မျက်နှာကို အတန်ကြာအောင် စိုက်ကြည့်နေ၏ ။ ပြီးမှ ခေါင်းကိုယမ်းခါလိုက်သည်။

"မသိချင်ပါနဲ့ ကိုကိုဟိန်းရာ"

"အို...ဘာ ဖြစ်လို့လဲ ညီညီရ ၊ မင်းမှာ ကိုကိုဟိန်းကို လျှို့ဝှက်ထားရမယ့် အကြောင်းရှိနေသလားဟင်၊ ဝမ်းနည်းစရာပဲ ညီညီ၊ ကိုကိုဟိန်း ကတော့ အလုပ်တွေ များ တဲ့ကြားက အနည်းဆုံး တစ်ပတ်တစ်ခေါက်တော့ ကိုယ့်ညီလေးနဲ့ အဒေါ်မျက်မှာ ကို မြင်ချင်လွန်းလို့ အချိန်ကိုလုပြီး လာခဲ့ရတယ် ၊ ညီညီကို ကိုဟိန်းဘယ်လောက် ချစ်တယ်ဆိုတာ ညီညီ သိပါတယ်ကွာ ၊ ဒါနဲ့ များ တောင် ဘာတွေ များ လျှို့ဝှက်ချင်နေရသေးတာလဲဟင်"

"ကိုကိုဟိန်းရာ ညီညီသိပ်စိတ်ညစ်နေတယ်ဗျာ...."

ဇေယျာရတနာ ရင်ပွင့်လာလေပြီ...

"အကြောင်းက ..."

“မမဝင့်ကြောင့်...“

“မမဝင့်...မမဝင့်....”

နက်မှော င်ထူခဲသော မျက်ခုံးနှစ် ဘက် ထိစပ်အောင် ကြုတ်ရင်း ဟိန်းမိုးသူ စဉ်းစားလိုက်သည်။

“လှိုင်း...တည်ခိုးရိပ်သာက ဝင့်ဝါဝင်းဆိုတာကို ကိုကိုဟိန်း မကြားဖူးဘူးလားဟင်”

“ဩော်...သိပြီး...သိပြီး၊ အင်း ..သိပ်လှပြီး ..သိပ်မာနကြီးတဲ့ မိန်းမပျိုတစ်ယောက် ဆိုတာတော့ သိဘူးနေပါတယ်၊လူကိုတော့ မမြင်ဖူးသေးဘူး၊နေပါဦး ..သူ့အတွက် ညီညီက ဘာစိတ်ညစ်စရာ ဖြစ်နေလို့လဲ”

“ကိုကိုဟိန်းကလဲ ခင်တာပဲ၊ ဒါ့ကြောင့်...မစွံနိုင်ဘဲ လူပျိုကြီး ဖြစ်နေတာ၊ သူ့ကို ညီညီ ချစ်နေလို့ ပေါ့ဗျ”

ဇေယျာရတနာ၏ မျက်နှာသည် စိတ်ရှည်ဟန် မရှိ။

“အိုး....အဟင့် ဟင်း.၊ ဟင်း..ဟုတ်သားပဲ၊ အဲ့သလို ကိုကိုဟိန်းက မစဉ်းစားမိဘူး ၊ ချစ်လို့ စိတ်ညစ်ရတယ်ဆိုတာ လယ်လိုကြီးလဲ ၊ ချစ်ရင် ပျော်စရာကောင်းတာ မဟုတ်ဘူးလား ညီညီရယ်”

“သူများ အတွက်တော့ မသိဘူး၊ ညီညီအတွက်တော့ စိတ်သိပ်ညစ်စရာ ဖြစ်နေတယ်”

“အေးလေ ၊ အဲဒါ ဘာ ဖြစ်သလဲ”

“ကိုကိုဟိန်းကလဲလေ၊ ဒုန်းဝေးလိုက်တာ ၊ သူက ပြန်မချစ်လို့ပေါ့”

“အိုး...ခုမှပဲ ရှင်းတော့တယ်”

“ရှင်းပါဦးမှပဲ”

ဇေယျာရတနာ ဒေါပွသွားသည်။

ပို၍မြစ်နုနယ်သော သူ့မျက်နှာကလေးသည် သုန်မှုန်၍ နေ၏ ။

“မင်း သူ့ကို ချစ်ခွင့်ပန်ပြီးပြီပေါ့”

“အင်း.”

“ဘယ်တုန်းကလဲ”

“သူ့ကိုတွေ့ပြီး နောက်တစ်နေ့ထဲကပဲ”

“ဟေး...မြန်လှချည်လားကွ”

“မြန်ရမယ်၊ မမဝင့်ကို ဝိုင်းကြိုက်နေတဲ့ လူတွေ ကို တစ်နေ့တစ်နေ့ ခါချနေရတာ အများ ကြီး”

“ဟ..ဒီလောက်တောင်ပဲလား”

“ဒါတောင် လျှော့ပြောထားတာ”

“နေစမ်းပါဦး၊ကိုယ့်ညီက လူချော၊ အာ အိုင် တီ ကျောင်းသား၊ ပြီးတော့ မိဘအရှိန်အဝါနဲ့ ပစ္စည်းဥစ္စာ”

“ဟိုး...ဟိုး...ဟိုး”

ဇေယျာက လက်ကာပြလိုက်သည်။ပြီးမှ....

“မမဝင့်က ဒါတွေ ကို မင်မောတဲ့ မိန်းမစားမျိုး မဟုတ်ဘူး”

“ဟင် ဒါဖြင့် သူက ဘာကို မက်မောတာလဲ”

“အဲဒါလဲ ညီညီမသိဘူး၊ သူက ဘယ်ယောကျ်ားကိုမှ ဂရုမစိုက်ဘူးဆိုတာ တစ်ခုပဲ ညီညီသိတယ် ၊ သိပ်ခက်တယ် ဗျာ”

“နေပါဦးလေ ၊ မိန်းကလေး တစ်ယောက် ရဲ့ အချစ်ကို ဓားပြတိုက်သလို

လိုချင်လို့တော့ မရဘူးလေ ညီညီ၊ အချိန်ယူရမှာ ပေါ့"

"ကိုကိုဟိန်း မသိပါဘူးဗျာ၊ အချိန်ယူလဲ မမဝင့်က ချစ်ချင်မှ ချစ်မှာ ၊ သူက တစ်မျိုးကြီးဗျ"

"ဟင်...ဒါဆို ညီညီဟာကလဲ ဘယ်လိုလဲ၊ တစ်သက်လုံး သူက မချစ်တော့ဘူးဆိုရင်ကော ညီညီ ဘာလုပ်မလဲ"

"ညီညီ ကောင်းကောင်းပြောလို့ လက်မခံရင် မမဝင့်ကို ညီညီ အတင်းခိုးပြေးမှာပဲ"

ဟိန်းမိုးသူ၏ မျက်လုံးကြီးများ ပြူး ထွက်လာသည်။

သူ့ညီက ပြောလျှင် ပြောသည့်အတိုင်းလုပ်မည့် ကောင်စားမျိုး လေ။

"ဟုတ်တယ်၊ ဒီလောက်တောင် ပြောရခက်လဲ မမဝင့်ကို ခိုးပြေးတာပဲ အကောင်းဆုံး"

ဇေယျာရတနာသည် သူ့ ဘယ်ဘက်လက်ဝါးတွင် ညာလက်သီးကို တဘုတ်ဘုတ်ထိုးရင်း ထပ်ကျော့၍ ပြောလိုက်သည်။

"ညီညီ မိန်းမယူဖို့ ငယ်ပါသေးတယ်ကွာ၊ ခုမှ အသက်ဆယ့်ရှစ်နှစ် တောင် မပြည့်သေးဘူး၊ပြီးတော့ ပညာကလဲ အာအိုင်တီ ဖတ်(စ်)ရီးယားတောင် မဖြေရသေးဘူး"

"တော် ပြီ ကိုကိုဟိန်း ၊ဒါတွေ လိုက်တွက်နေရင် မမဝင့်နဲ့ ညီညီ ဝေးသထက်ဝေးရုံပဲရှိမယ်၊ အဲဒီ အချိန်တွေ အထိ မမ ဝင့်ကို ညီညီ စိတ်ချမထားနိုင်ဘူး"

"ဒါဆို ဒီအမျိုး သမီးကို ခိုးပြေးဖို့ ညီညီ အခိုင်အမာ ဆုံးဖြတ်လိုက်ပြီပေါ့၊ ဟုတ်လား"

"ဟုတ်တယ်"

"အေးလေ..ဆုံးဖြတ်ပြီးရင်လဲ ဘာတတ်နိုင်မှာ လဲကွာ။

ကဲ..ကိုကိုဟိန်း သွားမယ်၊ အလုပ်ထဲမှာ လိုတဲ့ပစ္စည်းတွေ နည်းနည်း ပါးပါးဝယ်ပြီး ပြန်တော့မယ်”

ညီ ဖြစ်၏ ကျောကို ပုတ်ပြီး ဟိန်းမိုးသူ ထရပ်လိုက်သည်။

ဇေယျာရတနာ ကတော့ ခုတင်ပေါ်သို့ ဝုန်းခနဲ ပက်လက် လှဲချပြီး မျက်နှာကျက်ကို ဖွေးဖွေးကြီးကို စူးစိုက်ကြည့်နေ၏ ။

ဇေယျာရတနာ ဘာအကြံထုတ်နေပြီ မသိ။

***

# (၃)

ဒေါ်ရတနာခင်သည် အဖြေရှာသော မျက်လုံးများ ဖြင့် ဟိန်းမိုးသူ၏ မျက်နှာကို လှမ်းကြည့်နေ၏ ။

ဟိန်းမိုးသူလည်း အပေါ်ထပ်ဆီသို့ ဝေခနဲ တစ်ချက် ကြည့်လိုက်ပြီး အဒေါ် ဖြစ်သူ ဒေါ်ရတနာခင်နှင့် မျက်နှာချင်းဆိုင် ခုံတွင် ဝင်ထိုင်လိုက်သည်။

“ဟိန်း...မင်းကိုကြည့်ရတာ လဲ တစ်မျိုး ပဲ ၊ ဒေါ်လေး ရတနာ ရင်ထိတ်လိုက်တာကွယ်”

ဒေါ်ရတနာခင်ကလည်း အပေါ်ထပ်ဆီသို့ ကြည့်ရင်းက ပြောလိုက်သည်။

သည်ကိစ္စကို အသိမပေးလို့တော့ မ ဖြစ်။

ဇေယျာရတနာက ငယ်သေးသည်။

ပြီးတော့ ဒီမိသားစုနဲ့ ပတ်သက်၍ ဆိုးအတူ ကောင်းအတူ တိုင်ပင်ဖော် တိုင်ပင်ဖက်ဟူ၍ မိမိနှင့် ဒေါ်လေးရတနာခင်သာ နှစ် ဦးတည်း ရှိကြသည် မဟုတ်ပါလား...

“ဒေါ်လေးရတနာကို ဟိန်းပြောပြပါ့မယ် ဒါပေမယ့် ဘာကိုမှ စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ လို့ အရင်တောင်းပန်ပါရစေ”

“အင်းပါ...အင်းပါ၊ ဘာတွေ များ လဲ ၊ဘာတွေ ဖြစ်ကုန်ပြီလဲ မြန်မြန်ပြောစမ်းပါဦး ဟိန်းရဲ့ ”

“ညီညီက မိန်ကလေး တစ်ယောက် ကို သိပ်စွဲလမ်းနေတယ်”

“ဟင်..”

ဒေါ်ရတနာခင်သည် မျက်လုံးများ ပြူး ထွက်လာ၏ ။

“ဘယ်...ဘယ်မိန်းကလေးလဲ”

“လှိုင်းတည်းခိုရိပ်သာက ဝင့်ဝါဝင်းလို့ပြောသားပဲ၊ ဒေါ်လေး မြင်းဖူးသလား”

“ဘာ…လှိုင်းတည်းခိုရိပ်သာက ဟုတ်လား”

ဒေါ်ရတနာခင်၏ မျက်နှာကြီး တင်းမာသွား၏ ။

“ဒေါ်လေးရတနာတို့က အဲဒီ အသိုင်းအဝိုင်းကို ဘယ်လိုသိနိုင်စရာ အကြောင်းရှိမှာ လဲဟိန်း၊ ကိုယ့် အဆင့်အတန်းထဲကမှ မဟုတ်တာပဲ၊ မင်းစဉ်းစားကြည့်စမ်း ဟိန်း၊ တည်းခိုးရိပ်သာက မိန်းမ တစ်ယောက် ဟာ အကောင်းထက် အဆိုးထဲကပဲ ဖြစ်နိုင်တယ်၊ အိုး..ဒီကောင်လေးကို လွှတ် လွှတ်ထားမိတာ ဒေါ်လေးရတနာရဲ့ အမှား းပဲ”

“ဒေါ်လေးရတနာ ၊ဒီကိစ္စက စိတ်လိုက်မာန်ပါလုပ်လို့ မရဘူးလို့ ကျွန်တော ပြောထားမယ်နော်၊ ဒေါ်လေးရတနာ အကိုင်းအတွယ်မှား းရင် ညီညီ ပိုဆိုးသွားလိမ့်မယ်”

ဒေါ်ရတနာခင်၏ တင်းမားနေသော မျက်နှာကြီးသည် တဖြည်းဖြည်း လျှော့ပြေကာ စိုးရိမ်စိတ် လွှမ်းကိုးဟန် ပေါ်လာ၏ ။

“ဒေါ်လေး ဘာလုပ်ရမလဲ ဟိန်း…ဟင်၊ ဒေါ်လေး ဘာလုပ်ရမလဲ မင်းသိတဲ့အတိုင်း စောမြတ်နွယ်လေးနဲ့ ကိစ္စကို ဒေါ်လေး အာသီသရှိတယ်“

“ဒေါ်လေး ဆန္ဒရှိတဲ့ အတိုင်းပဲ ဖြစ်ရမှာ ပေါ့”

“ဒီကောင်လေးက ဇွဲကြီးတယ်နော် ဟိန်း ၊ သိပ်လွယ်မယ် မထင်ဘူး“

“ဟိန်း တာဝန်ထားလိုက်ပါ”

“ဟိန်းရယ်…ငါ့တူကြီးကို ဒေါ်လေးရတနာ အားကိုးပါရစေ၊ တို့မျိုး ကြီးဆွေကြီးထဲမှာ မင်းညီလေးဟာ အမည် းစက် မ ဖြစ်ပါစေနဲ့ ”

“စိတ်ချပ် ဒေါ်လေးရတနာ၊ ဟိန်းကလဲ ဘယ်အ ဖြစ်ခံမှာ လဲ”

“အို..ဟိန်းရယ်၊ ဟိန်းသာမရှိရင် ဒေါ်လေးရတနာ ဘာလုပ်ရမှန်းတောင် သိမှာ မဟုတ်ဘူး၊ ခု စာမေးပွဲဖြေဖို့လဲ ရက်ကနီးနေပြီး ၊ မင်းညီစာကြည့်တာကို မတွေ့ရဘူး၊

ပညာရေး မှာ လဲ ဒီကောင်လေး စိတ်ပေ့ါနေပြီ ထင်ပါရဲ့ ”

“ဒေါ်လေးရတနာ စိတ်အေးအေးထားပါလေ၊ကျွန်တော် အကောင်းဆုံးဖြင်အောင် ကြိုး စားပေးပါ့မယ်”

“ကျေးဇူးပါပဲ ငါ့တူကြီးရယ်”

“ကျွန်တော် သွားမယ်၊ ပစ္စည်းတွေ ယ်ဖို့ကလဲ ရှိသေးတယ်”

ဟိန်းမိုးသူသည် သူ့လက်ပတ်နာရီကိုကြည့်ပြီး ထိုင်ရာမှ ထလိုက်သည်။

“ဟိန်း မင်္ဂလာဒုံကို ပြန်မှာ လား”

“ပြန်တော့ ပြန်ရမယ်၊ ဒါပေမယ့် ပစ္စည်းတွေ ပို့ပြီး လိုအပ်တာတွေ ညွှန်ကြားခဲ့ပြီး ဒီညဒီပြန်အိပ်မယ်လို့ စိတ်ကူးတယ်”

“အို....အိပ်ပါကွယ် ...ပြန်အိပ်ပါ...ဒေါ်လေး အားငယ်လွန်းလို့”

“ကျွန်တော် ပြန်လာမှာပါ ဒေါ်လေး”

ဟိန်းမိုးသူသည် သူ၏ အတက်ချီအိတ်ပြာပြာကလေးကို စားပွဲပေါ်မှ ကောက်ယူလိုက်ပြီး၊ ထိုင်ရာမှ ထလိုက်သည်။

ဒေါ်ရတနာခင်သည် တူ ဖြစ်သူကို သူ၏ လင့်ရှိဗာကားအနီး အထိ လိုက်လံ ပို့ဆောင်ပေးလိုက် သည်။

ဒေါ်ရတနာခင် အလွန်အမင်း စိတ်ပူနေဟန်ရှိသည်။

အဒေါ် ဖြစ်သူကို ဟိန်းမိုးသူ သနားသွားမိသည်။

သား ဖြစ်သူ ဇေယျာရတနာ အပေါ်တွင် ဒေါ်လေး တစ်ယောက် မည် မျှ မေတ္တာကြီးမားကြောင်းကို၊ သူသာလျှင် အသိဆုံး မဟုတ်ပါလား...။

***

# (၄)

အင်းယားလမ်းရှိ ရတနာရိပ်ငြိမ် ခြံကြီးအတွင်း မှ မိုးဟိန်းသူသည် ကားကို မောင်းထွက်လိုက်သည်။

သူ ဦးတည် မောင်းနှင်းနေသည်က ဘောင်ဒရီလမ်းရှိ လှိုင်း တည်းခိုရိပ်သာဆီသို့ ဖြစ်၏ ။

မဝေးလှသော ခရီး ဖြစ်၍ တိုတောင်းသော အချိန်အတွင်း ၊ လိုရာခရီးသို့ ရောက်ရှိခဲ့ပါသည်။

လှိုင်းတည်းခိုရိပ်သာသည် ၊ ငွေမှင်ရောင် အမိုးနှင့် မည်းနက်သော အကာအရံရှိသည်၊ ရေးဟောင်းအိမ်ကြီး တစ်ဆောင် ဖြစ်သည်။

ကျယ်မဝန်းသော ခြံကြီးထဲတွင် အုပ်ဆိုင်းနေသော သစ်ပင်ကြီးငယ်များ နှင့် အေးချမ်း ဆိတ်ငြိမ်းခြင်းလည်း ရှိလှသည်။

ခြံအဝင်းဝတွင် ညာဘက်၌ ကြိုဆိုပါ၏ ဟူသော စာတမ်းကို လှပစွာ ထိုးထားသည်။

ဘယ်ဘက်တွင် လှိုင်းတည်းခိုရိပ်သာသို့ ဟူသော မျှားကလေး တစ်စင်းကို ပြ၍ ထားသည်။

ဟိန်းမိုးသူသည် ၊ သူ့ ကားကို ကျောက်ခင်းလမ်းကလေးအတိုင်း မောင်းဝင်လာခဲ့ရာ ၊ ကြီးမားသော ဆင်ဝင်အောက်သို့ ရောက်ရှိလာ၏ ။

ကားကို ရပ်လိုက်သည်။

သော့ကိုဖြုတ်ယူပြီး ဆင်းလိုက်သည့်တွင် အသက် ငါးဆယ် ရွယ်ခန့်ရှိ ဖြူဖြူ သန့်သန့် သျှောင်တစ်စောင်းနှင့် အမျိုး သားကြီးသည် ၊ အတွင်း းက ထွက်လာကာ သူ့ကို ကြို

လိုက်သည်။

“လာပါမောင်ရင် ၊ ကြွပါ…ကြွပါ…”

ဟိန်းမိုးသူလည်း၊ ခပ်တည်တည်ပင် အမျိုး သားကြီး နောက်သို့ လိုက်ခဲ့ရာ ၊ ဧည့်ကြိုရုံးခန်းဟု ရေး သားထားသော အခန်းသို့ ရောက်ရှိလာသည်။

ထိုအခန်းတွင် လခြမ်းသဏ္ဍာန်ပြုလုပ်ထားသော ကောင်တာ မြင့်မြင့်ကြီးတစ်ခုနှင့် တယ်လီဖုန်းတစ်လုံး ၊ ထိုင်ခုံမြင့်မြင့် ဝိုင်းဝိုင်းကလေးများ နှင့် အိပ်ခန်းအနေအထားပြ ဇယား၊ သော့တွဲ များ ချိတ်ထားသော ဘုတ်ပြားတစ်ခုကို တွေ့ရသည်။

အဆင်အပြင်အားလုံး သေသေသပ်သပ် ရှိလှသည်။

အမျိုး သားကြီးသည် ၊ ခုံတွင် ဝင်ထိုင်လိုက်သော ဟိန်းမိုးသူကို ပြောပြီး ၊ စားပွဲပေါ်မှ ခေါင်းလောင်း ဘုကလေးကို နှိပ်လိုက်သည်။

ခေါင်းလောင်းကလေး မြည် းသွား၏ ။

ခေါင်းလောင်းသံနှင့် မရှေးမနှေးမှာ ပင် ..ရွှေမင်သမီးကလေးတစ်ပါး ဘွားခနဲ ပေါ်လာသည်။

အမျိုး သမီးများ ကို ဂေါက်သီး တစ်လုံးလောက်မျှတစ်သက်လုံး စိတ်မဝင်စားခဲ့သော ဟိန်းမိုးသူပင်လျှင်….၊ သူကလေး၏ မွတ်စင် ဝင်းဝါ သန့်ရှင်းနေသော အလှတွင် မှင်တက်မိသည်ကဲ့သို ခေတ္တ ဖြစ်သွား၏ ။

ဝင့်ဝါဝင်းမှာ လည်း ၊ သူ့နည်းပင်။

ယောက်ျားပီသ၍ ၊ ခန့်ညားတည်ငြိမ်သော အသွင်ရှိသည့် လူရွယ်ကို မမိုတ်မသုန်သော မျက်ဝန်းနက်နက်ကလေးများ ဖြင့် ခေတ္တမျှ ကြည့်နေမိလိုက်သည်။

ဝင့်ဝါဝင်းသည် ရုတ်ခြည်းပင် ၊ မျက်နှာကလေးကို တည်ကြည်နေအောင် ထားလိုက်ပြီး ၊ သူ၏ ခုံဝိုင်းမြင့်မြင့်ကလေးပေါ်တွင် ထိုင်လိုက်၏ ။

"အိပ်ပါ ဘွတ်ကင် လုပ်လို့လားရှင့်.."

ဟိန်းမိုးသူသည်၊ သူကလေးကို နက်မှောင်စူးရှသော မျက်လုံးများ ဖြင့် စူးစူးနစ်နစ်ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

"ဒါဆို ဘယ်ဧည့်သည်ကိုများ တွေ့ချင်ပါလို့လဲရှင့်"

ထိုအခါ၊ ဝင့်ဝါဝင်း၏ မျက်နှာကလေးသည် တွေ ခနဲ ဖြစ်သွားသည်။

"ဒါဖြင့် ....ရှင်ကြွလာတဲ့အကြောင်းကို အမိန့်ရှိပါအုံး"

ဝင်ဝါဝင်း၏ အသံက မာဆတ်ဆတ်ကလေး ဖြစ်လာချေပြီ။

"မင်းကို တွေ့ချင်လို့..."

"ဘာရှင့်"

လက်သီးကလေးနှစ် ဘက် ဆုတ်ခနဲ့ လုပ်ကာ ဝင့်ဝါဝင်း ဝုန်းခနဲ့ ထရပ်လိုက်သည်။

"ဆိုစမ်းပါအုံး တွေ့ချင်တဲ့ ကိစ္စ..."

ဟိန်းမိုးသူသည် မခိုးမခန့် တစ်ချက် ပြုံးလိုက်ပြီး...လက်ထဲမှ သူ့ကားသော့ကွင်းကို လက်ညှိုး တွင် တစ်ဝိုဝိုလည်အောင် လှည့်နေ၏ ။

"မင်း...ဇေယျာရတနာကို သိလား"

"ဟင်..."

တင်းမာခက်ထန်နေသော ဝင့်ဝါဝင်း၏ မျက်နှာသည် အံ့ဩခြင်းအသွင်သို့ ပြောင်းလို့သွားပြန်သည်။

"အဟင်း...ဟင်း...ဟင်း တို့က ဇေယျာရဲ့ အစ်ကို ဟိန်းမိုးသူပဲ..."

"ရှင်လာမဖြီးနဲ့ ဇေယျာက ဇေယျာရတနာခင်ရဲ့ တစ်ဦးတည်းသော သား.. ..ဒီက

..သိပြီးသား..သိလား”

“ဩော်...မင်းက ဒီအထိအောင်တောင် စုံစမ်းသိရှိထားပြီးပြီးကိုး”

“ဒီက ဘာ ဖြစ်လို့ စုံစမ်းရမှာ လဲ၊ ဇေယျာက သူ့ဘာသာ သူ ပြောပြလို့ သိထားတာ..ရှင့်မျက်နှာပုံကို ပြင်လိုက်စမ်းပါ၊ ဝင့်ဝါဝင်းကို ဘယ်လို မိန်းမစားမျိုး မှတ်လို့လဲ ..ဟင်း..”

“ဟဲ ဝင့်ဝါ ၊ ဝင့်ဝါ ဘာတွေ ဖြစ်နေတာလဲ....”

ဝင့်ဝါဝင်း ဒေါသတွေ ထောင်းထောင်းထ ထွက်လာနေစဥ်တွင် ဧည့်ကြို ခန်းထဲသို့ ခေတ်အဆန်းဆုံး ဝတ်စားပြင်ဆင်ထားသော အသက်လေးဆယ်ကျော် အမျိုး သမီးကြီး တစ်ယောက် ဝင်လာ၏ ။

“ဒီမှာ အန်တီလှိုင်း၊ ဇေယျာရဲ့ အစ်ကိုတဲ့...ဝင့်ကို မတူမလို မတန်သလို ၊ခနဲ့ သလိုလိုနဲ့ စကားတွေ လာပြောနေတယ် ၊အန်တီလှိုင်းပဲ ကြည့်ရှင်းတော့၊ ဝင့်သာ ဆက်ပြောရယင်တော့ ..မကောင်းဘူး၊ လက်ဝါးယားလာပြီး”

သူ့ စကားအဆုံးတွင် ဝင့်ဝါဝင်း ချာခနဲ့ လှည့်ထွက်သွားသည်။

“ဘာပြောတယ်ကွ”

ဝင့်ဝါဝင်း၏ စကားကြောင့် ဟိန်းမိုးသူသည် ဒေါသ အိုး ပေါက်ကွဲကာ ဝုန်းခနဲ ထရပ်လိုက်သည်။

“အိုး...နေကြပါဦး..နေကြပါအုံး...အကျိုး အကြောင်း အန်တီလှိုင် သိပါရစေ ငါ့တူရယ်...”

“ဒီမှာ ၊ ခင်ဗျား သူ့အဒေါ်လား”

“ဟုတ်..ဟုတ်ပါတယ်ကွယ်...”

“ဒီမှာ ..ကိုယ့်တူမကို ကိုယ်နိုင်အောင် ထိန်းထားပါ။

ဇေယျာရတနာနဲ့ မပတ်သက်ဖို့ လာသတပေးတာပါ၊ တားတဲ့ ကြားက ဆက်ပတ်သက်မယ် ဆိုရင်တော့၊ ဒီဘက်က အဆိုးမဆိုနဲ့ ဒါပါပဲ”

“ဒီမှာ ...ဒီမှာ မောင်ရင်”

ဟိန်းမိုးသူသည် ချာခနဲ့ လှည့်ထွက်သွားပြီး ဖြစ်၍ ယောင်၍ မှုပင် လှည့်မကြည့်တော့...

မကြာမီ၊ ဂူးခနဲ့ ကားမောင်းထွက်သွားသံကို ကြားလိုက်ရသည်။

“ဒုက္ခပါပဲ...ဦးပါကြီး ဒီမှာ ခဏစောင့်လိုက်အုံး”

“အင်း...အင်း စိတ်ချမလှိုင်း”

ဒေါ်ခင်လှိုင်းမြင့်သည် ဝင့်ဝါဝင်း၏ အိပ်ခန်းရှိရာသို့ အပြေးကလေး တက်ခဲ့သည်။

ဝင့်ဝါဝင်းသည်း ပြတင်းပေါက်အနီးတွင် တောင့်တောင့်ကလေးရပ်ကာ လက်သီးနှစ် ဘက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားနေ၏ ။

“ဝင့်ဝါ”

အဒေါ် ဖြစ်သူ၏ မျက်နှာကို ဝင့်ဝါဝင်း ချာခနဲ့ လှည့်ကြည့်လိုက်သည်။

“အန်တီလှိုင်း ၊ ဒီလူ ဝင့်ကို လာကြောသွားတာ သိလား..”

ဝင့်ဝါဝင်း၏ အသံသည် ဒေါသကြောင့် တုန်ခိုက်နေ၏ ။

“ဝင့်က ဇေယျာ အသိုင်းအဝိုင်း အရှိန်အဝါကို ခုံမင်မက်မောလို့ ထောင်ဖမ်းနေတယ်များ ၊ မှတ်နေသလား မသိဘူး ၊ ဟင်း...သူ အန်တီလှိုင်းကို ဘာပြောသွားသေးသလဲ ဟင်...”

“ဝင့်ဝါကို ဇေယျာနဲ့ မပတ်သက်ပါစေနဲ့ တဲ့ကွယ်..”

“ဟင်း..တွေ့လား၊ ဒီအကြောင်းပဲ ဖြစ်ရမယ် ဆိုတာ ဝင့်သိတယ်၊ဘယ်သူက

ပတ်သက်လာတာလဲ၊ ဒီ မလောက်လေး မလောက်စား၊ ကောင်လေးမျိုး မပြောနဲ့ ၊ သူလိုကောင်ကြီးတောင် ဝင့် စိတ်ကူးထဲ ယောင်လို့တောင် မထည့်ဘူး သိလား.. အဟင်း..ဝင့်ပြန်ကြောရင် သူတို့ ဘယ်လို ချာလပတ် ယမ်းကုန်းမယ်ဆိုတာ မသိသေးဘူးနဲ့ တူတယ် အဟင်း..သိကြရော့ပေါ့"

"ဝင့်ဝါ"

ဝင့်ဝါဝင်းသည် လှလွန်းသော မျက်နှာကလေးကို မဲ့ပစ်လိုက်သည်။

မဲ့သော လည်း အလှမပျက်။

တစ်မျိုး လေးတောင် ကြည့်၍ ကောင်းသေး၏ ။

တယ်လီဖုန်းရှိရာသို့ဝင့်ဝါဝင်း သွက်လက်စွာ လျှောသွားသည့်။

"ဝင့်ဝါ...ဒါ ဘယ်ကိုဆက်မလို့လဲ"

ဒေါ်ခင်လှိုင်းမြင့်က တူမ ဖြစ်သူ၏ လက်ကို ဆွဲထားလိုက်သည်။

ဝင့်ဝါဝင်းက အဒေါ် ဖြစ်သူ၏ လက်ကို ဖယ်ရှားပစ်လိုက်ပြီး ဂဏာန်းများ ကို လှည့်လိုက်သည်။

"ဟဲ့လို..အင်လျာလမ်း ရတနာရိပ်မြုံကပါလားရှင်၊ ဩော် ...ဟုတ်ကဲ့ ၊ကျွန်မ ဇေယျာရတနာရဲ့ မိတ်ဆွေပါ ဒေါ်ဒေါ်၊ ခဏ စကားပြောပါရစေ..ဩော်..ဟုတ်ကဲ့...ဟုတ်ကဲ့.."

ဝင့်ဝါဝင့်၏ အသံကလေးသည် ချိုမြ ကြည်လင်လွန်းနေ၏ ။

"ဟဲလို"

"ဟဲ့လို..ဇေယျာလား"

"မမဝင့်"

"အဟင်းဟင်း..ကောင်ဆိုးလေး မမဝင့်ကို စိတ်ကောက်တုန်းလား၊ မင်းလေးက သိပ်ဆိုးတယ်ကွာ၊အို...စိတ်မဆိုးပါဘူး..ကျွဲမြီးတိုတာပါ၊ဟင်..ခု ချက်ချင်း ပဲလား၊ကဲကဲ...

ကိုယ်တော် ချောလေး ရွှေသဘောတော် အတိုင်းပါပဲ၊ မမဝင့် စောင့်နေပါ့မယ်တဲ့၊ အပေါ်သာ တန်းတက်ခဲ့...ဟုတ်ပြီလား..အိုကေ"

ဝင့်ဝါဝင်းသည် ဝင့်ခနဲ့ တစ်ချက်ပြုံး ပြီး စကားပြော ခွက်ကို ပြန်ချလိုက်သည်။

"ဝင့်ဝါ....ဘာတွေ လျှောက်လုပ်မလို့လဲ တူမကြီးရယ်"

"အဟင်း..ဝင့်ဝါဝင်းဆိုတာ ဘယ်လို မိန်းမမျိုး လဲလို့ ရတနာခင်မိသားစုသိအောင် ပြမလို့လေ"

"ဝင့်ဝါ..တူမကြီးရဲ့ စိတ်ကို လျှော့လိုက်ပါကွယ်၊တူမကြီး အရွဲ့တိုက်တာ ဇေယျအတွက် နစ်နာစရာ ဖြစ်ကုန်ပါ့မယ်၊ ဒီကောင်လေးက တူမကြီးကို စွဲစွဲလမ်းလမ်း ဖြစ်နေတာနော်"

"ဟုတ်တယ်လေ ..အဲဒီ တော့ ပိုကောင်းတာပေါ့၊ အဟင်း..ဟင်း..ဒီလို လူကိုလာပြီး အထင်သေး အမြင်သေး လာကြောလို့ ကတော့ မိရွှေဝင့်တို့အကြောင်း ကောင်းကောင်း သိသွားရမှာ ပေါ့"

"ဝင့်ဝါရယ်"

ဒေါ်ခင်လှုိင်မြင့်သည် စိတ်ပျက်လက်ပျက် ကုလားထိုင်ပေါ်တွင် ဘုန်းခနဲ ပစ်ခိုင်ချလိုက်သည်။

ဝင့်ဝါဝင်း ကတော့ ဘဲဥပုံ မှန်တင်ခုံကြီးရှေ့တွင် သူ့ မျက်နှာကလေးကို ကြည့်ပြီး ဆံပင်ကို သေသပ်အောင်ဖြီးလိုက်၏ ။ ပြီးတော့ ထဘီကလေးကို တင်းတင်းရင်းရင်း ပြန်ဝတ်ဆင်ကာ သူ၏ လှပကျော့ရှင်းသော ကိုယ်လုံးကလေးကို အနေအထားအမျိုး မျိုး ဖြင့် ကြည့်နေသည်။

ဒေါ်ခင်လှိုင်မြင့် ခမျာမှာ တော့ တူမချော ရွှေမင်းသမီးကလေးကိုကြည့်ကာ ရင်တွင် လှိုက်မောနေရှာသည်။

***

(၅)

ဟိန်းမိုးသူသည် ကားမောင်းရင်း မျက်စိထဲတွင် ဝင့်ဝါဝင်း၏ မျက်နှာကိုသာ မြင်ယောင်၍ နေ၏ ။

"မင်းဟာ ရက်ရက်စက်စက်လုပ်တဲ့ မိန်းမ တစ်ယောက် ဆိုတာတော့ အမှန်ပဲ၊ ငါ့တစ်သက်မှာ တောင် မင်းလိုလုပ်တဲ့ မိန်းမမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်၊ ဒါပေမယ့် မင်း အလုပ်တွေ ကို ငါ့ညီ ဇေယျာက ဘုရားလိုကိုးကွယ်နေတော့ ငါ လက်မလျှော့နိုင်ဘူး၊ တားရမှာပဲ၊ ငါ့ညီဘဝ တိုးတက်ရာ တိုးတက်ကြောင်းတွေ မှာ ဆူးငြောင့်ခလုတ် ဖြစ်နေတဲ့ မင်းလေးကို ငါ ရှင်းကိုရှင်းပစ်ရမယ် မိန်းမချောရေ"

ဟိန်းမိုးသူကလည်း နက်နက်နည်းနည်း ပြုံး ကာ တေးလိုက်သည်။

သူသည် ရေကျော်ရှိ သံထည်ပစ္စည်းဆိုင်တွင် လိုအပ်သော ပစ္စည်းများ ကို စာရင်းဇယားအတိုင်း ဝယ်ယူပြီး ပြန်ခဲ့သည်။

အပြန်ခရီးတွင် ဦးဝိစာရလမ်းအတိုင်းပဲ ပြန်လာခဲ့သဖြင့် ဝိဇယရုပ်ရှင်ရုံသို့ ရောက်ရှိလာ၏ ။

ဘောင်ထရီးလမ်းထဲသို့ အမှတ်မထင်ပဲ လှမ်းကြည့်လိုက်မိသည်။

လှိုင်း တည်းခိုးရိပ်သာ၏ ခြံဝင်းကြီးကို တစေ့တစောင်း ရိပ်ခနဲ့ တွေ့မြင်လိုက်ရပေ၏ ။

"အင်း..တော် တော် တော့ ဆွဲဆောင်အား ကောင်းတဲ့ အမျိုး သမီးပဲ၊ မနူးမနပ်ကောင်ကလေး ဇေယျာ ကျတာ မပြောနဲ့ ၊ ငါလို ရင့်ကျက်နေတဲ့ ယောက်ျား တစ်ယောက် တောင် သူ့အလှမှာ မှင်တက်မိခဲ့ရသေးတာပဲ၊ အင်း.. ဝင့်ဝါဝင်းဆိုတဲ့ မိန်းမချောကလေးရယ် မင်းနဲ့ ငါ ပဋိပက္ခ မ ဖြစ်ချင်ပါဘူး၊ မင်းဘာသာမင်း အေးအေးဆေးဆေးပဲ နောက်ဆုတ် သွားပါစေလို့ ငါဆုတောင်းပါတယ်"

"တီ...တီ...တီ၊ဟေး...ဖိုးဟိန်း၊တီ....တီ"

ဒဂုံဘီလပ်ရေစက်ရုံအနီးတွင် ရန်ကုန်ဘက်သို့ နောင်းနှင်နေသော ပါဘလစ်ကာ အညိုရောင် ကလေး တစ်စင်းပေါ်မှ လူသည် ဟိန်းမိုးသူ၏ ကားကိုမြင်လိုက်သဖြင့် ဟွန်း တတီတီ တီးကာ ခေါ်ပြီး ကားကို လမ်းဘေးတွင် ထိုးကပ်လိုက်သည်။

ဟိန်းမိုးသူလည်း ထိုလူကို တွေ့မြင်သွားပြီး သူ့ကားကို လမ်းဘေးတွင် ရပ်ကာ ကားပေါ်မှ ဆင်းလိုက်သည်။

"ဟေး....ကိုမျိုး ကျော်"

နှစ် ဦးသား လမ်းခလယ် သစ်ပင်ရိပ်အောက်တွင် ဆုံမိကြသည်။

တစ်ဦးကို တစ်ဦးကဆွဲလျက်သား.

"ဖိုးဟိန်း၊ ဘယ်ကပြမ်လာတာလဲ"

"နေဝေကလေ"

"ဆိုက်ထဲပြန်မလို့ပေါ့"

"ခဏပါ၊ ပစ္စည်းပြန်ပို့ပြီး ဒီည အင်းလျားလမ်းက ဒေါ်လေးအိမ်မှာ အိပ်မယ်လို့ စိတ်ကူးတယ်"

"အာစရိကကော ဘယ်မှာ တည်းမှာ လဲ ၊ မတွေ့ရတာ ကြာပြီ စကားပြောရအောင် ကိုယ့်အဒေါ် အိမ်မှာ လာတည်းပါလား"

စကားပြောဖို့တော့ လာမယ်၊ တည်းတော့မတည်ဘူး၊ ကိုယ်က လှိုင်းမှာ မနေ့ကတည်းက တည်းဖို့ ဖုန်းနဲ့ ဘွတ်ကင် လုပ်ထားပြီးသား ဖြစ်နေလို့"

ဟိန်းမုးသူ၏ ထူထဲနက်မှောင်သော မျက်ခုံတစ်ဘက် မြင့်တက်သွား၏ .

"အာစရိအစ်မအိမ်မှာ ဘာလို့ မတည်းတာလဲ"

"အဟင်း.ဟင်း..လှိုင်းမှာ က အသက်ရှည်ဆေးကလေး ရှိနေလို့

တည်းတာဖိုးဟိန်းရေ၊ သိပြီးလား”

“ဟိန်းမိုးသူ တွေ ဝေသွားသည်။

“အာစရိ သဘောမပေါက်ဘူးနဲ့ တူတယ်၊ အဟင်းဟင်း”

“ဆိုပါတော့ ရှင်းအောင်လင်းစမ်းပါဦး”

“လှိုင်း တည်းခိုရိပ်သာမှာ ရွှေမင်းသမီးကလေး တစ်ပါး ရှိတယ်ကွ၊ မင်းက ဒါတွေ စိတ်မဝင်စားတော့ ဘယ်မှာ ဘာရှိတယ်ဆိုတာ ဘယ်သိပ့်မလဲ”

“နေပါဦး သူ့ဘာသာသူ ရွှေမင်းသမီးတစ်ပါး ရှိတာ ဘာ ဖြစ်သလဲ ၊မောင်ရင်က လွှပ်လပ်တဲ့ ကောင်မို့ ဒီစကားပြောတာလား”

“ကိုယ် မောင်ရင့် မိန်းမကို ညကျရင် ဖုန်းဆက်တိုင်လိုက်မှာ ပဲနော်”

“အား ဒါတော့မလုပ်လိုက်ပါနဲ့ ဖိုးဟိန်းရာ၊ တောင်းပန်ပါတယ် ၊နှင်းနွေလှိုင် ပစိပစပ်များ တာလဲ မင်းသိသားနဲ့ ကိုယ်လဲ ဗီဇလေတွ မပျောက်နိုင်လို့သာ လာတာပါ၊ ကောင်မလေး ကတော့ ပမ်လို့ရတဲ့ ကောင်မလေးမျိုး မဟုတ်ပါဘူး”

“ဒါနဲ့ များ ကွာ အချိန်ကုန်လူပင်ပန်းခံလို့ အံပါရဲ့ ”

“အာစရိက မငြစ်ဘူးသေးတော့ စီစကားပြောမှာ ပေါ့၊ ဝင်ဝါဝင်းကို တွေ့တွေ့သမျှ အယုတ်အလတ် အမြတ်မရွေး ပုရိသယောကျာ်းအပေါင်းတွေ စွဲစွဲလမ်းလမ်း ဖြစ်နေကြတာ အရွယ်မရွေးပဲ၊ ကိုယ့်ကောင်ကြီးရေ့”

“တော် ပြီးကွာ၊ မောင်ရင့်ရွှေမင်းသမီး တရားမနာချင်ဘူး၊ ကိုယ်သိချင်တာ နှင်းနွေလှိုင်းနဲ့ ဖိုးတာတို့ နေကောင်းသလား ဆိုတာပဲ”

“အား…အားလုံးကောင်းကြပါတယ်၊ ဖိုးတာ ကတော့ တာသလားမပြောနဲ့ မောင်ရင်ရေ၊ အလုပ်က အိမ်ပြန်လာရင် သူ့ အသံချည်းပဲ ကိုယ့်အတွက် အမေပြေဆေး တစ်ခွက်ပေါ့”

“ဒါနဲ့ များ တောင် ပဲခူးကနေ ရန်ကုန်လာပြီး နန့်ရသေးသလား”

“အား..အား..လိုင်းမပူနဲ့ လေ ၊ အတာကအတာ၊ ဝင့်ဝါဝင်းက ဝင့်ဝါဝင်းပဲ၊ မတူတာတွေ ရှိတတ်ကွနော်”

“တော် ပြီးကွာ၊ ကိုယ်ပြန်လာရဦးမှာ သွားတော့မယ်၊ ည ဒေါ်လေးရတနာခင်အိမ်ကို ကိုယ့်လူလာမှာ လား”

“လာခဲ့မယ်၊ ကိုယ်တည်းတဲ့နေရာနဲ့ နီးနီးလေးပဲ ဥစ္စာ”

အိုကေ...ဒါဆို ညမှ တွေ့ကြတာပေါ့”

သူငယ်ချင်းနှစ် ယောက် လမ်းခွဲလိုက်ကြသည်။

မျိုး ကျော်နှင့် ဟိန်းမိုးသူသည် ကျောင်းသားဘဝကတည်းက အလွန် ခင်မင်ရင်နှီးကြသော သူငယ်ချင်းနှစ် ယောက် ဖြစ်သည်။

ရန်ကုန်စက်မှု တက္ကသိုလ်မှ ဘွဲ့ရပြီးသည့် အခါတွင် လည်း ဆောက်လုပ်ရေး ကောက်ပိုရေး ရှင်းတွင် အလုပ်အတူရခဲ့သည်။

ပဲခူးသား ဖြစ်သော မျိုး ကျော် ကတော့ ပဲခူးတွင် တာဝန်ကျ၏ ။

ဟိန်းမိုးသူ ကတော့ မင်္ဂလာဒုံဆိုက်ခွဲတွင် တာဝန်ထမ်းဆောင်ခဲ့ရပေ၏ ။

ဟိန်းမိုးသူသည် မျိုး ကျောက်ကို စဥ်းစားရခက်နေ၏ ။

မျိုး ကျော်သည် နှင်းနွေလှိုင်းကို သဲသဲမဲမဲ ပိုးပန်းခဲ့ပြီး နှင်းနွေလှိုင်၏ မိဘမောင်ဘွားများ သဘောမတူသည့်ကြားက ရအောင် ယူခဲ့သည်။

ယခုဆိုလျှင် သူတို့၏ ရင်နှစ် သည်းချား သားကလေး အတာပင်လျှင် တွတ်တီးတွတ်တာ ပြောတတ်သော နှစ် နှစ် ကျော်ကျော် အရွယ်ကလေးပင် ရောက်လာပြီး ဖြစ်သည်။

အင်း..မျိုး ကျော်လို မိန်းမနဲ့ ကောင်တောင် ပဲခူးကနေ ဒီလာပြီး

မင်းကိုရစ်နေသေးတာ ၊ ငါ့ညီ မနူးမနပ်ကလေး တန်းတန်းစွဲနေတာ မဆန်းဘူးလို့ ပြောရတော့မှပဲ။ မင်းဟာ ငါတို့ ယောကျ်ားသားတွေ ကို ဒုက္ခပေးဖို့ တက်များ မွေးဖွားလာရော့သလား ဝင့်ဝါဝင်းရယ် ..ဟူး”

ဟိန်းမိုးသူ၏ ရင်ထဲတွင် လှိုက်မောစ၍ သွား၏ ။

ဤအလုပဂေး အလှသူဌေးမလေးကြောင့် ဘယ်သူတွေ ဘယ်လောက်များ ဒုက္ခရောက်နေကြပြီးလဲဟုလည်း ကား မောင်းရင်း တွေ းလာမိခဲ့ပေ၏ ။

***

# (၆)

"တီ..တီ...တီ"

အသင့်စောင့်နေသော ဝင့်ဝါဝင်းသည် အပေါ်ထပ် ပြတင်းပေါက်မှနေ၍ ကိုယ်ကလေးတဝက်ထုတ်ကာ အောက်သို့ ငုံ့ကြည့်လိုက်သည်။

"ဟေး...ဇေယျာ၊ အပေါ်တက်ခဲ့"

ဇေယျာသည် ကားတံခါးကို ပြန်ပိတ်ပြီး သူ့မမရွှေမင်းသမီးကို လက်ပြန်ပြလိုက်သည်။

နုပျိုသော သည်ကောင်လေး၏ မျက်နှာပေါ်တွင် ပီတိ ပြုံး တွေ ဝင်းလက်၍ နေ၏ ။

ကောင်ငယ်ကလေးသည် လှေကားရင်းတွင် ရှိနေသော ဦးပါကိုပင် မမြင်ပဲ ဝင်တိုက်လုမတတ် အိမ်ပေါ်ထပ်ကြီး ဆီသို့ ပြေးတက်ခဲ့သည်။

ဝင့်ဝါဝင်းနှင့် ဒေါ်ခင်လှိုင်းမြင့်တို့၏ အထပ်မှာ လှိုင်းတည်းခိုရိပ်သာ၏ အပေါ်ဆုံး တတိယထပ် ဖြစ်သည်။

သီးသန့်ဧည့်ခန်း တစ်ခန်းနှင့် အိပ်ခန်းနှစ် ခန်း ထိုတတိယထပ်တွင် ရှိသဖြင့် တိတ်ဆိတ်၍ သီးသန့် ဖြစ်နေ၏ ။

"ဟူး.."

လှေကားထစ်များ ပေါ်သို့ အပြေးကလေး မနားတမ်း တက်လာခဲ့ရသော ကြောင့် ကောင်ငယ်ကလေး မောသွားသည်။

နဖူးပြင်ကျယ်ကျယ်ကလေးပေါ် ချွေးသီးကလေးများ ပင် စို့ထွက်နေ၏ ။

"မောသွားသလား ဇေယျာ"

ငွေဆည်းလည်းကလေး လှုပ်ခါလိုက်သည့်နှင့် သာယာသော အသံကလေးဖြင့် သူ့ မမ ရွှေမင်းးသမီး နှုတ်ခွန်းဆက် ဆီးကြိုလိုက်သော အခါတွင် ....

"အဟင်း...မမဝင့်ကို တွေ့လိုက်ရတာ နဲ့ မောတာတွေ ဘယ်ပျောက်ကုန်မှန်း မသိတော့ဘူးဗျ"

"ဟွန်း..မင်းလေးက ပိုလွန်းတယ်၊ လာ..ဒီမှာ ထိုင်"

ခုတော့ သူကပဲစတင်၍ ကောင်ကလေး၏ လက်ကိုဆွဲကာ ကုလားထိုင်တစ်လုံးတွင် ထိုင်စေလိုက်သည်။

ဇေယျာရတနာသည် အလွန်အမင်း အံ့အားသင့်သွားသော မျက်နှာဖြင့် ဝင့်ဝါဝင်းကို ကြည့်နေ၏ ။

"ဘာကြည့်နေတာလဲဇေယျာ၊ အဟင်း...ဟင်း..ဟင်း"

ဝင့်ဝါဝင်းသည် ဇေယျာရတနာနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်လိုက်ရင်း ညင်းညင်းကလေး ရယ်သံ ပြုလိုက်သည်။

"မမဝင့်ကို ဘယ်လိုနားလည်ရမှန်း မသိတော့ဘူးဗျာ"

"မမဝင့်က မင်းကို ခင်ပါတယ်၊ ဒါပေမယ့် မမဝင့်ရဲ့ ခင်မင်မှု ကို အခွင့်အရေး ယူပြီး ရမ်းရမ်းကားကားလုပ်တာ မျိုး တော့ မမဝင့် မကြိုက်ဘူးကွာ"

"မမဝင့်ရယ်....ချစ်တာကို ရမ်းကားတယ်လို့ ပြောရက်သလားဗျာ"

"မင်းလေးက မမဝင့်လက်ကိုဆွဲတာ ရမ်းကားတာပေါ့"

"ချစ်လို့ ချစ်ရလွန်းတဲ့ မမဝင့်လက်ကို ကိုင်တာ ရမ်းကားတယ်လို့ မပြောပါနဲ့ ဗျ၊ အသည်းနာတယ်"

"မမဝင့်က အလိုမတူပဲ မင်းကလုပ်တာမှန်သမျှ ရမ်းကားတာလို့ မမဝင့်က ယူဆတယ်ကွာ"

"မမဝင့်ကလဲဗျာ"

လက်ချောင်းကလေးများ ယှက်ဆုပ်ထားသည့် လက်သွး ဆုပ်ပေါ်တွင် နဖူးကို ထိကပ်ကာ ကောင်ငယ်ကလေး ငိုက်ကျသွားသည်။

"ဇေယျာ...ဒီမှာ ကြည့်စမ်း"

ဝင့်ဝါဝင်းသည် စားပွဲကိုကျော်၍ သူ့ကိုယ်ကိုကိုင်းကာ သူ့ လက်ချောင်းကလေးများ ဖြင့် ကောင်ငယ်လေး၏ မေးမှ မျက်နှာကို ပင့်မော့လိုက်သည်။

ရွှမ်းလဲ့တောက်ပနေသော မျက်လုံးကလေးတစ်စုံဖြင့် သူသည် ကောင်လေး၏ မျက်နှာကိုကြည့်ပြီး နှစ် လိုဖွယ်ရာ ပြုံး လိုက်သည်။

"မမဝင့် ၊ကျွန်တော့်ကို အရူးလုပ်နေတာလားဗျ ဟင်"

"မဟုတ်ရပါဘူးကွာ ၊မင်း အဲ့သလိုထင်ရင် မှား သွားမှာ ပေါ့၊ မင်းကိုမမဝင့် ပြောစရာရှိလို့ ခေါ်လိုက်တာ ၊မင်း မမဝင့် စကားတွေ ကို သေသေချာချာ နားထောင်နော်၊ မင်းဟာ မမဝင့် အသက်နဲ့ စာလိုက်ရင် ခြောက်နှစ် ကျော်ကျော်လောက် ငယ်တယ် ဇေယျာ"

"အဲဒါ ဘာ ဖြစ်လဲ"

ဇေယျာက ရှုံးသိုးသိုးမျက်နှာဖြင့် ဘုမှု တ်လိုက်သည်။

"မမဝင့်ပြောတာကို နားတောင်ပါဦးလေ၊ အသက်ငယ်ရတဲ့ကြား ပညာကလဲ မစုံသေးဘူး"

"ဘာလဲ ..မမဝင့်က ပညာတွေ ၊ ဂုဏ်တွေ ၊ ရာထူးတွေ ကို မက်တာလား"

"ဟော.ကြည့်လေ၊ မမဝင့်စကားကို မင်းနားမထောင်ဘူးနော်၊ ဒါဆို မင်းပြန်တော့"

ဝင့်ဝါဝင်းက မျက်နှာလှလှကလေးကို ချက်ချင်း တည်ပစ်လိုက်ပြီး ထိုင်ရာမှ ထဟန်ပြုလိုက်၏ ။

"မမဝင့်"

ဇေယျာရတနာ၏ မျက်လုံးများ က တောင်းပန်တိုးလျှိုးမှု အပြည့် ပါဝင်နေ၏ ။

"မင်း မမဝင့်ပြောတာ နားကောင်းကောင်းထောင်မှာ လား၊ မထောင်ဘူးလား၊ ဒါပဲပြော"

"နားထောင်ပါ့မယ် မမဝင့်"

ဝင့်ဝါဝင်း ပြတ်ပြတ်မေးလာတော့ ကောင်ငယ်ကလေးသည် ဆရာရှေ့ ရောက်လာသော တပည့်လိမ္မာတစ်ဦးကဲ့သို့ ဖြစ်သွားသည်။

ဝင့်ဝါဝင်း နေရာတွင် ပြန်ထိုင်လိုက်သည်။

"ချစ်တယ်ဆိုတာ တစ်ခုတည်းနဲ့ မပြီးပြတ်တဲ့ ကိစ္စတွေ အများ ကြီး ရှိတယ် ဇေယျာ၊ ပညာလေး မတောက်တခေါက်နဲ့ မင်းဘဝကို မင်းမိဘတွေ က မပျက်စေချင်သလို မမဝင်းကလဲ မပျက်စေချင်ဘူး၊ မမဝင့်ကို မင်းချစ်တာ နစ်မွန်းရတဲ့ ဘဝမျိုး မဟုတ်ဘဲ တိုးတက်ကြီးပွားရတဲ့ ဘဝမျိုး ပဲ ဖြစ်ရမယ်၊ ဒီတော့ မင်း မမဝင့်ကိုစိတ်ချ၊ မင်း မမဝင့်အတွက် စိတ်မချနိုင်စရာတွေ ၊နောက်ဆံတင်းစရာတွေ ဖြစ်မနေနဲ့ ၊ မင်း လျှောက်ရမယ့်လမ်းကို ဖြောင့်ဖြောင့်လျှောက်ပါ ဇေယျာ မမဝင့်ဟာ မင်းအတွက် အမြဲရှိနေမယ်"

"အဟင်းဟင်း..မမဝင့်စကားက မပြတ်သားပါဘူးဗျာ၊ ကြက်မကြီးက ကြက်ကလေးတွေ ကို လှည့်စားသလို မမဝင့်က ကျွန်တော့် ကို"

"တော် ...ဇေယျာ၊ ဒါဆိုရင် မင်းကြိုက်တဲ့လမ်းကို ရွေး၊ မင်းမမဝင့်စကား မင်း နားမထောင်ဘူးဆိုရင် ပြောရတာ လေကုန်တယ် ၊ မင်းပြန်တော့"

"မမဝင့်ရာ..မမဝင့်က စင်ပေါ်က လူဆိုတော့ ကျွန်တော့် ကို လာဆိုလာ၊ သွားဆိုသွား၊ အမျိုး မျိုး ပြောနေနိုင်တာပေါ့ဗျာ၊ အဟင်းဟင်း..မမဝင့်ကို ဘုရားတစ်ဆူဂူတစ်လုံးလို ကျွန်တော် က ကိုးကွယ်ထားမိနေပြီဆိုတော့ မမဝင့်ပြောသမျှ စီမံသမျှကို လည်စင်းခံရရုံ ရှိပါတော့တယ်"

သူ့အပေါ်တွင် အရှုးအမူး ဖြစ်နေသော ကောင်ငယ်လေးကို ကြည့်ကာ ဝင့်ဝါဝင်းသည် ရင်ထဲတွင် တိုးတိတ်စွာ စိတ်မကောင်းခြင်း ဖြစ်နေမိ၏ ။

"မမဝင့်ဆီကို ကျွန်တော် လာခွင့်ရှိပါတယ်နော်"

"လာနိုင်ပါတယ် ၊ရိုးရိုးတန်းတန်း လာတဲ့လူတိုင်းကို မမဝင့် လက်ခံတယ်ဇေယျာ၊ ဇေယျာ တစ်ခုစဉ်းစားကြည့်စမ်း၊ မမဝင့်တို့ စားဝတ်နေရေး အတွက် တည်းခိုဆောင်ဖွင့်ထားရတဲ့ ဒီအိမ်ကြီးမှာ မိန်းမတည်းခိုသူတွေ ထက် ယောက်ျားတည်းခိုသူတွေ က များ တယ်၊ မမဝင့်ဟာ ဣန္ဒြေရှိရှိနဲ့ နေနေတာတောင်မှ ထိကပါး ရိကပါးလုပ်ချင်သူတွေ က ဒုနဲ့ ဒေးပဲ၊ ဒီကြားထဲ ကလေးကို မုန့်ပေးကြိုက်တယ်လို့ ထပ်ပြောစရာ ဖြစ်လာအောင်တော့ မမဝင့် မလုပ်နိုင်ဘူးဇေယျာ ၊ မမဝင့် ဆီကို မင်းလာရင် ဣန္ဒြေရှိပါစေ၊ သိက္ခာရှိပါစေ၊ ဒီနှစ် ချက်ပဲ မမဝင့် လိုချင်တယ်"

"မမဝင့်သိက္ခာကို မထိခိုက်စေရပါဘူးဗျာ"

"မမဝင့် မင်းကို သိပ်ကျေးဇူးတင်တယ် ဇေယျာ၊ ဒီနေ့ ကစပြီး မင်း ကျောင်းမှန်မှန်တက်ပြီး ၊ စာကောင်းကောင်းကြိုး စားရမယ်နော်၊ တစ်ပတ်ကို စနေနေ့ တစ်ရက်ပဲ မင်း မမဝင့်ဆီ လာရမယ် ၊ ဘယ့်နှယ်လဲ"

"မမဝင့်ရယ်၊ တစ်ပါတ်တစ်ခါတည်း ဆိုတာတော့ လျှော့ဗျာ၊ တစ်ရက်ခြား တစ်ခါ ခဏ ဖြစ် ဖြစ် လာပါရစေ"

ဝင့်ဝါဝင်းသည် ခေတ္တမျှတွေ တွေ ကလေးလုပ်၍ စဉ်းစားလိုက်သည်။

"ကောင်းပြီးလေ မင်းပြောတဲ့အတိုင်း ခဏပေါ့ ဟုတ်လား"

"ဟာ ဝမ်းသာလိုက်တာ မမဝင့်ရာ"

ဇေယျာရတနာသည် ခုန်ထကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်သွား၏ ။

အနည်းငယ် ဟနေသော တံခါးကြားမှ အပြင်က အရိပ်အခြည်များ ကို ကြည့်နေသော ဒေါ်ခင်လှိုင်းမြင့်သည် ဖြည်းညင်စွာ ဦးခေါင်းကို ယမ်းခါလိုက်ပြီး သူ့

ခုတင်ပေါ်သို့ ထိုင်ချလိုက်သည်။

ဝင့်ဝါရယ်၊ မင်းကိုတော့ အန်တီလှိုင်း နားမလည်နိုင်တော့ပါလား။

"ဇေယျ တစ်ခုခုစားမလား သောက်မလား၊ မမဝင့်ယူလာပေးမယ်လေ"

"ရင်ပူတယ်ဗျာ၊ အအေးသောက်ချင်တယ်"

ဝင့်ဝါဝင်းသည် လိုက်လှဲစွာ တစ်ချက် ပြုံး လိုက်ပြီး အခန်းတွင်းမှ ထွက်ခွာသွား၏ ။

သူပြန်လာတော့ ဖန်ခွက်လှလှ ရှည်ရှည်ကလေး နှစ် လုံးတွင် လေးထောင့် ရေခဲတုံးကလေးများ ပေလောမျောနေသော လိမ္မော်ရည်ပါလာသည်။

"ရော့ ရင်အေးသွားအောင် သောက်လိုက်"

"သိုင်း(စ်) မမဝင့်"

ဇေယျာရတနာက ဖန်ခွက်ကို အပြုံးဖြင့် လှမ်းယူလိုက်သည်။

"ကျွန်တော် ခုနလာတုန်းက မွန္တလေးက ဦးသက်နောင်ကြီး အထုပ်အပိုးတွေ နဲ့ ဝင်လာတာတွေ ့ခဲ့တယ်"

"ဟုတ်လား၊ ကိုသက်နောင် ဒီတစ်ခါ ပြန်လာတာ မြန်သားပဲ"

"သူ ကတော့ အနီအပြာတွေ နဲ့ တော် တော် အကျိုး ပေးပြီး ထောနေပုံရတယ်"

"အင်း…ဟုတ်မယ်၊ ဟုတ်မယ် အရင်တစ်ခေါက်လာတုန်းက နောက်အခေါက်တွဆိုရင် မွန္တလေးကနေ ကိုယ်ပိုင်ကားနဲ့ လာတော့မှာ လို့ သူ မမဝင့်ကို ပြောသွားတယ်"

"သူက လူပျိုကြီးနော်"

ဇေယျာရတနာက သူ့မမ ရွှေမင်းသမီးကို ခပ်စူးစူးကလေး ကြည့်ယင်း ပြောလိုက်သည်။

ဝင့်ဝါဝင်းကလဲ သဘောပေါက်လွယ်လွန်း၏။

"အဲဒါ ဘာ ဖြစ်သလဲ"

"အဟော၊ ဟော အပျိုစစ်လှလှချောချောကလေး ရှိတဲ့နေရာကို လူပျို လူလွတ်တွေ လာလာနေတော့ ကျွန်တော့်အတွက် စိုးရိမ်စရာ ဖြစ်နေရတာ ပေါ့ မမဝင့်"

"တော် စမ်းပါ ဇေယျာရယ်၊ တတ်နိုင်လို့ အယောက် တစ်ထောင် တစ်သောင်းပဲလာလာ ၊ မမဝင့်က စိတ်ဝင်စားမှ ဖြစ်မှာ ပါ၊ အဟင်း မမဝင့် စိတ်ဓာတ်ကို မင်းမသိတာ ကျနေတာပဲ"

"မမဝင့်က ကိုသက်နောင်ကြီး သူများ တွေ ထက် ပိုခင်ပါတယ်နော်"

"အေးလေ၊ခင်တာဘာ ဖြစ်သလဲ ၊ ခင်မင်စရာကောင်းတဲ့ အကွက်ကလေးတွေ ရှိလို့ ရိုးရိုးသားသား ခင်မင်တာပဲရှိတယ်၊ သူ့ စည်းကိုယ့်စည်း ကျော်လာလို့ ကတော့ အခင်ဆုံး လူဟာ မမဝင့်အတွက် အမုန်းဆုံးလူ ဖြစ်လာမှာ ပဲ ၊ ဒါကို မင်းလဲ မြဲမြဲမှတ်ထားပါ"

"ဟော၊ မမဝင့် ကျွန်တော် ကိုပါခြိမ်းခြောက်လာပြီ"

"ခြိမ်းခြောက်တာ မဟုတ်ပါဘူး၊ မေ့သွားမှစိုးလို့ ထပ် သတိပေးတာပါ အဟင်း... ဟင်း"

"မမဝင့်ကို ကျွန်တော် သိပ်အံ့သြမိတယ်"

"ဆိုပါဦး...ဘာကြောင့် "

ပြုံး စစမျက်မှာ ကလေးဖြင့် ဝင့်ဝါဝင်းက ဇေယျာရတနာကို ကြည့်လိုက်သည်။

"ရွှေစင်ရုပ်ကလေးလို လှပဝင်းနနေတဲ့ မမဝင့်မှာ ဘာ ဖြစ်လို့များ သံမဏိအသည်း နှလုံး ရှိနေပါလိမ့်လို့"

"သြော်...ဟောဟော ..ဒါလား၊ အဟင်း...သံရေကြိုစက်ထဲ မရောက်သေးလို့ပေါ့ကွယ်၊ အဟင်း..ဟင်း..ဟင်း"

ဝင့်ဝါဝင်း တစ်ယောက် ကိုယ်ကလေး လှုပ်လောက်အောင် အဟင်းဟင်း အသံထွက်၍ ရယ်မောနေစဉ် ဖုန်းသံ မြည် လာ၏ ။

"ကလင်..ကလင်..ကလင်..ကလင်"

"ဟလို..."

တယ်လီဖုန်းနှင့် အနီးဆုံး ဖြစ်သော ဝင့်ဝါဝင်းက စကားပြောခွက်ကို ကောက်ကိုင်၍ ထူးလိုက်သည်။

"လိုင်းတည်ခိုရိပ်သာကလား"

တစ်ဘက်က အမျိုး သမီး၏ အသံသည် မာထန်ထန်ရှိလှ၏ ။

"ဟုတ်ပါတယ်ရှင့်"

လေသံကိုမကြိုက်သော်လည်း ဝင့်ဝါဝင်းသည် စိတ်ကို ထိန်းကာ ပြေပြေလည်လည်ကလေး ဖြေလိုက်သည်။

"အဲဒီ မှာ ဇေယျာရတနာ ရောက်နေသလား"

"ရှင်..."

ဝင့်ဝါဝင် အံ့သြသွားသည်။

"မေးနေတာ ရှင်းရှင်းကလေး ၊ ငါ့သား ရောက်နေသလားဟဲ့"

"သြော်..လက်စတော့ ဂုဏ်ကြီးရှင်၊ ဓနရှင် ဒေါ်ရတနာခင်ကြီးပေပဲကိုး"

"ဟုတ်ကဲ့ ရောက်နေပါတယ်ရှင့်၊ ခဏလေးနော်...အဟင်း.ဟင်း"

ဝင့်ဝါဝင်းသည် စကားပြောခွက်ကို ဇေယျာရတနာထံသို့ ထိုးပေးလိုက် သည်။

ဇေယျာရတနာသည် ဘုမသိဘမသိနှင့် လှမ်းယူပြီး ထူးလိုက်သည်။

"ဟလို၊ ဟင် မေမေ..ခင်ဗျာ ..မဟုတ်ဘူး၊ မေမေ ပြောတာ တစ်ခုမှမဟုတ်ဘူး၊

အိုဗျာ..နောက် မမဝင့်ဆီကို ဖုန်းဘယ်တော့မှ မဆက်ပါနဲ့ ဒါပဲ”

ဇေယျာရတနာသည် တရှုံးရှုံး ဒေါထလာကာ မျက်နှာနီးပြန်းစွာ စကားပြောခွက်ကို စောင့်ချလိုက်သည်။

“အဟင်း ဟင်း မင်းမယ်တော်ကြီး လေသံက မာလှချည်လား ဇေယျာ ဟင်”

“အလကားပါဗျာ လူကို ကလေးလေးများ မှတ်နေသလား မသိဘူး၊ နေရာတကာ ဟိုချုပ်ချယ် ဒီချုပ်ချယ်နဲ့ ”

“မင်းက ဆယ့်ခြောက်နှစ် သာသာဆိုတော့ ကလေးပဲ ရှိသေးတာပဲ ဇေယျာ၊ ဒါကတော့ မင်းလက်ခံရမယ်၊ ကဲဆိုပါဦး မယ်မယ်ကြီးက ဘာတဲ့လဲ”

“ဇေယျာက ငြိမ်နေ၏ ။

“မပြောချင်ဘူးလား”

ဇေယျာရတနာသည် ဝင့်ဝါဝင်းကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်ပြီး မျက်နှာကို တစ်ဘက်သို့ လွှဲထားလိုက်သည်။

“အဟင်း ဟင်း ၊ မပြောချင်လဲ နေပါဇေယျာရယ်၊ မမဝင့်က ဒီလောက်တော့ အထာပေါက်ပါတယ်၊ အင်း ဒါပေ့ါလေ..မတစ်ထောင်သားတွေ ဝင်လိုဝင် ထွက်လိုထွက် လုပ်နေတဲ့ တည်ခိုးရိပ်သာက မိန်းကလေး တစ်ယောက် ဆီကို ကိုယ့်သားနုနုထွတ်ထွတ် ငယ်ငယ်ရွယ်ရွယ်ကလေး သွားလာနေတာကို ဘယ်မိဘက ကျေနပ်နိုင်ပ့ါမလဲ၊ မမဝင့်သာ မိဘနေရာမှာ ဆိုရင်လဲ ဒီအတိုင်းပဲ ခံစားရမှာ ပဲ”

“တော် စမ်းပါမမဝင့်ရာ ၊ မေမေတို့အကြောင်း မမဝင့် မသိဘူး၊ သူတို့က လူလူချင်း ဘယ်သူ့ကိုမှ တူတယ်တန်တယ်လို့ ထင်တာမဟုတ်ဘူး၊ မေမေတို့ မိန်းမတွေ တင် မဟုတ်ဘူး၊ သူတို့ အသိုင်းအဝိုင်းရှိတဲ့ ယောကျ်ားတွေ လဲ ဒီလိုပဲ၊ အားကြီးဘဝင်ကိုင်ကြတယ်၊ ဒါကြောင့် ရှားရှား ပါးပါးရှိတဲ့ အစ်ကိုဝမ်းကွဲ တစ်ယောက် နဲ့ တောင် ကျွန်တော် အစေးမကပ်ဘူး”

ဝင့်ဝါဝင်း သဘောပေါက်သွားသည်။

နေ့လယ်ကလာသွားသော ကိုဘဝင်၏ မျက်နှာကို ကွက်ခနဲ မြင်ယောက်လိုက်မိ၏ ။

ထို့ကြောင့် လည်း သူ့အကြောင်း သိရအောင် စကားလေး အစထောင်းပေးလိုက် သည်။

"ဒါဆို ဇေယျာ အစ်ကိုက ဘဝင်ကိုင်ကြီးပေါ့"

"သိပ်ဟုတ်တာပေါ့၊ ပညာက အာအိုင်တီဘွဲ့ရ ။ အလုပ်က အက်အေအီး ၊ ပြီးတော့ မကြာခင် နိုင်ငံခြားကို သွားရတော့မှာ ဆိုတော့ အို..ပြောစရာမရှိတော့ပါဘူးဗျာ"

"သူက ဇေယျာတို့နဲ့ အတူနေတာလား"

"ကိုကိုဟိန်းက မင်္ဂလာဒုံဆိုက်ထဲမှာ တာဝန်ကျနေတာဆိုတော့ တစ်ပါတ်တစ်ခါပဲ ရတနာရိပ်မြုံကို ပြန်နေတယ်လေ"

"သူက ဘယ်သူ့ဘက်က တော် တာလဲဟင်"

"မမဝင့်က ကိုကိုဟိန်းအကြောင်း ဘာ ဖြစ်လို့ စိတ်ဝင်စားလာတာလဲ"

"ဟော့တော့ ၊ ဒီလိုပဲ စကား စပ်မိစပ်ရာ မေးလိုက်မိတာပါတော် ၊ မပြောပြချင်လဲနေပါ၊ဒီက ဘဝင်တွေ အကြောင်း ဆိုရင် နည်းနည်း တော့ စိတ်ဝင်စားမိတယ်"

ဇေယျာရတနာ၏ ရှုးသိုးသိုးမျက်မှာ ကလေးတွင် အပြုံး များ လွှန်းလူးလာပြန်သည်။

"ကိုကိုဟိန်းက မေမေ့ အစ်မကြီး ဒေါ်သီရိခင်ရဲ့ တစ်ဦးတည်းသော သားပါ မမဝင့်၊ သူ့ အဖေက ဗေကးတိုင်မင်းကြီးလေ၊ ခု ဘဘကော ဒေါ်ဒေါ်ကော ဆုံးသွားကြတာ လေးနှစ် လောက်ရှိပြီ၊ ကျွန်တော့တို့မှာ ပြေးစရာ အမျိုး အရင်းအချာဆိုလို့ ကိုကိုဟိန်းမိုးသူရယ်၊ မေမေရယ်၊ ကျွန်တော် ရယ်ပဲရှိတော့နယ်၊မေမေက သူ့တူကြီးကို သိပ်အရေး ပေးတာ၊ ကိုကိုဟိန်းကလဲ ခပ်မြောက်မြောက်ပဲ၊ အသက်နှစ် ဆယ့်ခုနှစ် ရှိပြီ၊

ဘယ်မိန်းမကိုမှ စိတ်မဝင်စားသေးဘူး၊ သူ စိတ်ဝင်စားတာက သူ့အလုပ်နဲ့ ဂေါက်ရိုက်ဖို့ပဲလေ၊ ဂေါက်မှာ တော့ ကိုကိုဟိန်းက ချန်ပီယံဘွဲ့ရထားတာ၊ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ထည် ထွားထွားနဲ့ သိပ်ယောကျာ်းပီသပြီး ခန့်ညားတဲ့ ရုပ်ရှိတာပဲ၊ ကိုကိုဟိန်းကို မေမေတို့ အသိုင်းအဝိုင်းထဲက မိန်းမတွေ ဆိုတာ လိုချင်လွန်းလို့ ဝိုင်းဝိုင်းလည်နေတာပဲ၊ တစ်ခါတလေ ရေလာမြောင်းပေး လုပ်လွန်းလွန်းလို့ ကျွန်တော် အမြင်ကတ်နေရတယ်”

“ဒါဆို မင်းတို့ အသိုင်းအဝိုင်းမှာ မင်းတို့ ကိုကိုဟိန်းက စူပါစတားပေါ့”

“သူတို့ကသာ သူတို့ဘာသာ သူတို့ စူပါစတားရင် စတားရမယ်၊ ကိုကိုဟိန်း ကတော့ မိန်းမတွေ ဆိုရင် သူ့အဒေါ်ကလွဲလို့ အားလုံးကို သိပ်အထင်သေးတယ်”

“အို... ဒါတော့ လွန်တာပေါ့၊ မမဝင့်နဲ့ တွေ့လိုက်ရင်တော့ လွယ်မှာ မဟုတ်ဘူး”

“အား...မလုပ်လိုက်ပါနဲ့ဗျာ၊ မတွေ့လိုက်ချင်စမ်းပါနဲ့ ”

“ဟယ်....ဘာ ဖြစ်လို့ကလဲ”

ဝင့်ဝါဝင်းက ချစ်စရာ့မျက်လုံးကလေးများ ကို ဝိုင်းဝင့်၍ မေးလိုက်သည်။

“ဘဝင်ကိုင်နေတဲ့လူနဲ့ အလှတံခွန်ဝင့်ထူနေတဲ့ မမဝင့်တို့ နှစ် ယောက် တွေ့သွားရင်း နှစ် ယောက် စလုံး မာနတွေ ကွာ ကျသွားမယ်၊ ဒါမှမဟုတ်ရင် တစ်ယောက် ကို တစ်ယောက် အပြိုင်အဆိုင် အနိုင်ကြဲကြဲရင်လဲကြဲမယ်၊ နှစ် မျိုး စလုံး ကျွန်တော် ကတော့ ဘာမှ အ ဖြစ်မခံနိုင်ဘူး၊ မမဝင့်နဲ့ ကိုကိုဟိန်း မဆုံမိကြတာ အကောင်းဆုံးပဲ”

ဝင့်ဝါဝင်းသည် ကျိတ်ကျိတ်ကလေးရယ်လိုက်မိ၏ ။

သြော်..တို့ တွေ့ပြီးကြတာ ဒီကောင်လေး သိမှမသိပဲကိုး။

“မမဝင့် ဘာပြုံး တာလဲ”

“မင်းပြောပုံကလေးတွေ သဘောကျလို့ပေါ့၊ ကဲ...မင်းနဲ့ မမဝင့် စကားပြောတာ အချိန်တောင် တော် တော် ကြာသွားပြီးပဲ”

ဝင့်ဝါဝင်းက သူ့ လက်ကောင်ဝတ်တွင် ဝတ်ဆင်ထားသော ရွှေရောင် နာရီကလေးကို ကြည့်ရင်း ပြောလိုက်သည်။

"မမဝင့် ကျွန်တော့ကို နှင်ပြီလားဗျာ"

"မင်း ရေချိုး ရမယ်၊ထမင်းစားရမယ် ၊ပြီးတော့ စာကျက်ရဦးမယ်လေ၊ မင်းကို မမဝင့် စကားပြောချိန်တွေ ပေးခဲ့ပြီးပြီးပဲကွာ"

မကျေမနပ်ဟန်ရှိသော် လည်း ဇေယျာရတနာသည် ထိုင်ရာမှ ထလိုက်သည်။

"အဲသလိုလိမ္မာစမ်းပါကွယ်၊ မမဝင့်က လိမ္မာတဲ့ လူမှ ကြိုက်တာ"

"ဟင်း.."

ကောင်ငယ်ကလေးသည် ဟင်းခနဲ ရယ်သံတစ်ချက်ပြုလိုက်ပြီး ဝင့်ဝါဝင်း၏ ဧည့်ခန်းထဲမှ ထွက်ခွာသွားတော့သည်။

***